# Chin Human Rights Organization

P.O Box 202, Phrasing Post Office, Chiang Mai, Thailand
Tel: +66.53.210.302
www.chro.ca

## သတင်းထုတ်ပြန်ချက်- ချက်ချင်းထုတ်ပြန်ရန်
## မြန်မာနိုင်ငံ - ခရစ်ယာန် လက်ဂါးကားတိုင် ဖယ်ရှားခိုင်းမှု ရပ်တန့်ပေးပါ၊ အကွက်ဆင် စွဲချက်များအား ရုတ်သိမ်းပေးပါ

**(ချင်းမိုင်၊ ထိုင်းနိုင်ငံ)** ချင်းပြည်နယ်မြို့တော် ဟားခါးမြို့ရှိ ခရစ်ယာန် လက်ဂါးကားတိုင် ဖြိုဖျက် ဖယ်ရှားရန် ထုတ်ပြန်ထားသည့် အမိန့်အား ရုတ်သိမ်းပေးပါရန် နှင့် ယင်းလက်ဂါးကားတိုင် စိုက်ထူရာတွင် ပါဝင်ခဲ့သူ ချင်းအမျိုးသားကြီး ဦး တီာလ်ကျဲမ်း အပေါ် တရားစွဲဆိုထားမှုကို ပြန်လည် ရုတ်သိမ်းပေးပါရန် မြန်မာနိုင်ငံမှ အာဏာပိုင်များအား ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)မှ ယနေ့ တိုက်တွန်းလိုက်သည်။

အမြင့်ပေ ၅၄ ပေ ရှိသည့် အဆိုပါ လက်ဂါးကားတိုင် အား တရားဝင်ခွင့်ပြုချက် မပါဘဲ တည်ဆောက် ခဲ့သည် ဟု ဆိုကာ လက်ရှိတည်ရှိရာ ဟားခါးမြို့ ကျာရ်တလန်တောင်ကုန်း မှ ဇန်နဂါရီ လ ၃၀ ရက် နေ့အပြီး ရွှေ့ပြောင်းရမည် ဟူသည့် အမိန့်ကို ချင်းပြည်နယ် အစိုးရမှ ထုတ်ပြန်ခဲ့သည်။ ယင်း လက်ဂါးကားတိုင်ကို ဖြိုဖျက် ရွှေ့ပြောင်းခြင်း မပြုပါက လက်ဂါးကားတိုင် စိုက်ထူရာတွင် ပါဝင်ခဲ့သူ ဂျေပီ ဗျက်သင်းဆန် အား အရေးယူသွားမည်ဖြစ်ကြောင်းလည်း ယင်း အမိန့်စာတွင် ဖော်ပြထား သည်။ ချင်းပြည်နယ် အစိုးရသည် ယင်းအမိန့်အား လွတ်လပ်စွာ ထုတ်ပြန်ထားခြင်း ဟုတ်မဟုတ် နှင့် နေပြည်တော်မှ ဗဟိုအစိုးရ ၏ လမ်းညွှန်မှုဖြင့် ပြုလုပ်ထားခြင်း ဟုတ်မဟုတ် ကို မသိရပေ။

လွန်ခဲ့တဲ့ နှစ် အတွင်း ဧပြီလက ကားတိုင် စိုက်ထူ ရာမှာ ပါဝင်ခဲ့သူချင်းအမျိုးသား ဦးတီာလ်ကျဲမ်းမှ ခွင့်ပြုချက်တောင်းခံပါကလည်း ရရှိလိမ့်မည် ဟု ယုံကြည်မှု မရှိသောကြောင့် ခွင့်ပြုချက်မတောင်းဘဲ စိုက်ထူခဲ့ခြင်းဖြစ်သည် ဟု ချင်းလူ့အခွင့်အရေးအဖွဲ့ အား ပြောပြခဲ့သည်။ CHRO ၏ ၂၀၁၂ ခုနှစ်ထုတ် "Threats to our Existence: Persecution of Ethnic Chin Christians in Burma" အစီရင်ခံစာတွင် ချင်းလူမျိုး ခရစ်ယာန် အသင်းအဖွဲ့များမှ ကြုံတွေ့ခဲ့ရသည့် ခွဲခြားဆက်ဆံသည့် ကန့်သတ်ချုပ်ချယ်မှုများကို မှတ်တမ်းတင် ပြုစုထားသည်။ ယင်းအချက်အလက်များအရ ဘာသာရေး အထိမ်းအမှတ်များနှင့် အဆောက်အအုံများ အတွက် ခွင့်ပြုချက် ရရှိရန် မဖြစ်နိုင်ကြောင်း ရှင်းရှင်း လင်းလင်း ထင်ဟပ် ပြ နေသည်။ အဆိုပါ အစီရင်ခံစာ တွင် ချင်းပြည်နယ်တစ်ခွင် ဖျက်ဆီးခံခဲ့ရသည့် လက်ဂါးကားတိုင် ၁၃ ခုကို မှတ်တမ်းတင် ဖော်ပြထားရာ ယင်းအနက် (၄) ခုမှာ လက်ရှိအစိုးရ လက်ထက်တွင် ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

### အကွက်ဆင် တရားစွဲဆိုမှုများ

ဦးတီာလ်ကျဲမ်းသည် သစ်တောဥပဒေ ပုဒ်မ ၄၂ (ခ) အရ တရားဝင်ခွင့်ပြုချက်မရှိဘဲ ထင်းရှူးပင် ခုတ်လှဲမှုဖြင့် စွပ်စွဲ တရားစွဲဆို ခံထားရပြီး လက်ရှိအချိန်အထိ ဟားခါးမြို့နယ် တရားရုံးသို့ ခြောက်ကြိမ် ဆင့်ခေါ်ခံရပြီးဖြစ်ကာ ယနေ့ နောက်ထပ်တစ်ကြိမ် ရုံးတင်စစ်ဆေးခံရမည်ဖြစ်သည်။ ယင်းရှင်းလင်းခုတ်ထွင် ထားသည့် မြေဧရိယာကို ဂျေပီဗျက်သင်းဆန် မှ ပိုင်ဆိုင်ထားသည် ဟု ဆိုသည်။ အဆိုပါ ဧရိယာသည် လက်ဂါးကားတိုင် တည်နေရာနှင့် ဆက်လျက် တည်ရှိနေသည်။ ရုံးတင်စစ်ဆေးမှုအရ ပြစ်မှုထင်ရှားပါက ဦးတီာလ်ကျဲမ်းသည် ထောင်ဒဏ် နှစ်နှစ် အထိ ကျခံ ရနိုင်ချေ ရှိသည်။  အဆိုပါ တရားစွဲဆိုမှုမှာ လက်ဂါးကားတိုင် စိုက်ထူခြင်းနှင့် ပတ်သက်နေသည့် အကွက်ဆင် တရားစွဲဆိုမှုတစ်ခု ဖြစ်သည် ဟု  CHRO မှ ယူဆသည်။

ဦးတီာလ်ကဲျမ်းမှ  CHRO အားပြောပြရာတွင် " ကျွန်တော်တို့ လက်ဂါးကားတိုင်ကို မရွှေ့ဘူး။ ဘာပဲ ခံရခံရ ရင်ဆိုင်လိုက်မယ်။ အာဏာပိုင်တွေက ထောင်ထဲဂင်ရမယ် လို့ ဆုံးဖြတ်လည်း ကျွန်တော်မ ကြောက်ဘူး။ ဒီကိစ္စအတွက် ထောင်ထဲဂင်ဖို့ အသင့်ပဲ" ဟု ဆိုသည်။

CHRO ၏ ညွှန်ကြားရေးမှူးချုပ် ဆလိုင်းဘွေလျန်းမန် မှလည်း " လက်ဂါးကားတိုင်းကို ဖြိုချ ရွှေ့ ပြောင်းဖို့ ဆိုတဲ့ အမိန့်က လွန်ခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာအတွင်း ဆက်လက်ဖြစ်ပွားနေခဲ့တဲ့ ချင်းလူမျိုး ခရစ်ယာန် ဘာသာဂင်တွေ အပေါ် ဘာသာရေး အရ ခွဲခြား ဆက်ဆံခြင်း သင်္ကေတန်တစ်မျိုး ပါပဲ။ လက်ရှိမှာ အာဏာပိုင် တွေဟာ ရွေးချယ်စရာ လုပ်ပိုင်ခွင့် နှစ်ခုရှိပါတယ်။ တစ်ခုက အမိန့်ကို ဖျက်သိမ်း ပြီး လက်ဂါးကားတိုင်ကို ဆက်လက် ထားရှိခွင့်ပြု ပြီး ဦးတီာလ်ကဲျမ်း အပေါ် တရားစွဲဆိုထားတာကို ရုတ်သိမ်းပေးခြင်းပါပဲ ။ ဒီလိုဆုံးဖြတ်လိုက်ရင်တော့ နှစ်ရှည်လများ ရှိနေခဲ့တဲ့ ခွဲခြားဆက်ဆံခြင်းပုံစံကို အဆုံးသတ်ပေးဖို့အတွက် အရေးကြီးတဲ့ ပထမ ခြေလှမ်း ဖြစ်လာမှာပါ။ ဒါမှမဟုတ် အဲဒီအမိန့် နဲ့ ကားတိုင်ကိုဖျက်ပြီး တရားစွဲဆိုမှုကို ဆက်လက် လုပ်ဆောင်မယ် ဆိုလို့ရှိရင် ဘာတစ်ခုမှ ပြောင်းလဲခြင်း မရှိသေးဘူးလို့ ကမ္ဘာကို သက်သေပြပြီးသား ဖြစ်သွားတာပေါ့ "

တ ၂၀၁၃ ခုနှစ် နိုဂင်ဘာလ အတွင်း ကျင်းပခဲ့တဲ့ သမိုင်းဂင် ချင်းအမျိုးသားညီလာခံ မှ ထွက်ပေါ်လာခဲ့တဲ့ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် နှင့် သက်ဆိုင်သည့် အဓိက အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရန် အစိုးရအား CHRO မှ တိုက်တွန်းသည်။ ယင်းအကြံပြုချက်များတွင် ဘာသာရေးအဖွဲ့အစည်းများအနေဖြင့် သာသနာနယ်မြေ ပိုင်ဆိုင်ခွင့် ရရှိရန်၊ လွတ်လပ်စွာ ဘာသာရေးဆိုင်ရာ စည်းဂေးခွင့်၊ ဟောပြောစည်းရုံးခွင့်များ အမှန်တကယ် ရရှိစေရေး ဆောင်ရွက် ပေးရန် နှင့် မှုမမှန်သော အကြောင်းပြချက် အမျိုးမျိုးဖြင့် ဖျက်ဆီးခဲ့သည့် ချင်းလူမျိုး ခရစ်ယာန် လက်ဂါးကားတိုင် များကို ပြန်လည် စိုက်ထူပေးရန် စသည်တို့ လည်း ပါဂင်ခဲ့သည်။

## ဆန္ဒပြရန် စီစဉ်

လက်ဂါးကားတိုင်အား ဖြိုဖျက် ဖယ်ရှားရန် ထုတ်ပြန်ထားသည့် ချင်းပြည်နယ် အစိုးရ ၏ အမိန့်အား တုန့်ပြန်သည့် အနေဖြင့် ဟားခါးမြို့နေ ဒေသခံများမှ ယင်းအမိန့်အား ဆန့်ကျင်သည့် ဆန္ဒထုတ်ဖော်ပွဲတစ်ရပ် ကို ဇန်နဂါရီလ(၂၉-၃၀) ရက်များတွင် ကျင်းပရန် တရားဂင်ခွင့်ပြုမိန့်တောင်းခံစာကို ငြိမ်းချမ်းစာ စီတန်းလှည့်လည်ခြင်း ဥပဒေအရ ဇန်နဂါရီလ (၂၃) ရက်နေ့က ဟားခါးမြို့ ရဲစခန်းသို့ ပေးပို့ခဲ့သည်။

ခွင့်ပြုမိန့်တောင်းခံစာကို ပေးပို့ပြီးနောက် မြန်မာ့တပ်မတော်မှ ဗိုလ်မှူးချုပ်ဟောင်း တစ်ဦးဖြစ်သူ လက်ရှိ ချင်းပြည်နယ် ဂန်ကြီးချုပ် ဟုန်းငိုင်း မှ ဆန္ဒပြပွဲစီစဉ်သူများကို ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးသို့ ဆင့်ခေါ်တွေ့ဆုံခဲ့သည်။ ယင်းလက်ဂါးကားတိုင် ကို အစိုးရထံမှ ခွင့်ပြုမိန့် မတောင်းခံဘဲ ဆောင်လုပ် ခဲ့ခြင်း ဖြစ်သောကြောင့် တရားမဂင်ဖြစ် သည် ဟု ပြောခဲ့သည်။ သို့ရာတွင် ယင်းအမှုကိစ္စ ကို ချင်းပြည်နယ် အစိုးရအဖွဲ့ အစည်းအဂေးတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ CHRO မှ ရရှိထားသည့် သတင်းအရ အစိုးရအဖွဲ့ အစည်းအဂေး မှာ  ဂန်ကြီးအချို့ ခရီးသွားနေသောကြောင့် ဖေဖော်ဂါရီလ ၂ မှ စတင်သည့် သတင်းပတ်တွင် ပြုလပ်မည်ဖြစ်ကြောင်း သိရသည်။

ဆန္ဒပြရန် ခွင့်ပြုသည့် စာကို ဟားခါးမြို့နယ် ရဲတပ်ဖွဲ့မှ ထုတ်ပေးခဲ့သော်လည်း စီစဉ်သူများမှ တောင်းခံသည့် နေ့များ မဟုတ်ဘဲ ဖေဖော်ဂါရီ (၁) ရက် နှင့် ဖေဖော်ဂါရီ (၂) ရက် ( စနေနေ့ နှင့် တနင်္ဂနွေ နေ့) များတွင် ပြုလုပ်ရန် ခွင့်ပြု ပေးခဲ့သည်။ ယင်း ရက်များအတွက် ရုံးမှ ထုတ်ပြန်သည့် အကြောင်းပြချက်မှာ တောင်းခံထားသည့် ဇန်နဂါရီ လ (၂၉-၃၀) ရက်များမှာ ကျေးလက်ဖွံ့ဖြိုးရေး နေ့များနှင့် တိုက်ဆိုင်နေသည် ဟူ၍ ဖြစ်သည်။  ရပ်ရွာလူထုနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ဖေဖော်ဂါရီ (၁) ရက်နေ့မှာ တနင်္ဂနွေနေ့ ဖြစ်ကာ ချင်းလူမျိုး ခရစ်ယာန်ဘာသာဂင်များ အတွက် ဂတ်ပြု

ကိုးကွယ်ရာနေ့ဖြစ်နေသောကြောင့် ဖေဖော်ဝါရီလ (၂-၃) ရက်များတွင် ဆန္ဒပြခွင့် ပြုရန် ပြန်လည် တောင်းခံရန် ဆန္ဒပြပွဲ စီစဉ်သူများက ဆုံးဖြတ်ခဲ့ကြသည်။ ဟားခါးမြို့ ရဲ တပ်ဖွဲ့ထံမှ ခွင့်ပြုမိန့် ရထားပြီးဖြစ်ကာ ဖေဖော်ဝါရီလ (၂-၃) ရက်များ တွင် နံနက် ၁၀:၀၀ နာရီ မှ ၁၂:၀၀ နာရီ အထိ ဆန္ဒပြကြမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီလ (၃၀) ရက်နေ့တွင် လက်ဂါးကားတိုင် ဖျက်ဆီးရန် အမိန့် ကို သက်ရောက်စေခြင်း ရှိ မရှိ ကို စောင့်ကြည့် ရမည်ဖြစ်သည်။

-ပြီး၏-

သတင်းဌာနများမှ မေးမြန်းခြင်းအတွက် -
Mai Mon Lay, CHRO Program Officer (Burmese, Lai & English): (Burma/Myanmar) +959420045830
Rachel Fleming, CHRO Advocacy Director (English): (Thailand) +66862110732

အယ်ဒီတာများအတွက် မှတ်ချက်-

၁။ ချင်းဘာသာစကားများရေးသားရာတွင် ရောမအက္ခရာကို အသုံးပြုသည်။ ချင်း နာမည်များကို မြန်မာ လိုမှ အင်္ဂလိပ်လိုသို့ ပြန်ဆို ရေးသားရာတွင် စာလုံးပေါင်းမှ သိသိသာသာပြောင်းလဲသွားကာ တစ်ခါတစ်ရံ မမှတ်မိနိုင်အောင် ဖြစ်သွားစေသည်။ ထို့ကြောင့် နာမည်များ များစွာလွဲများ ခြင်းကို ရှောင်ကြဉ်နိုင်ပါရန် နာမည်များကို အင်္ဂလိပ်ဘာသာ သတင်းထုတ်ပြန်ချက်ကို ကိုးကားစေလိုပါသည်။

၂။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း ပါ အပိုဒ် (၁၈) တွင် ပြဋ္ဌာန်းထားကာ အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်း ဥပဒေ အဆင့်၌ ထားရှိ သတ် မှတ်ထားခြင်းဖြစ်သည်။ ဘာသာရေး အခြေပြု နည်းမျိုးစုံဖြင့် ကန့်သတ်ချုပ်ချယ်မှု နှင့် ခွဲခြားမှု ပပျောက်ရေး ဆိုင်ရာ ၁၉၈၁ ခုနှစ် ကုလသမဂ္ဂ ကြေညာစာတမ်း တွင် လွတ်လပ်စွာ ကိုးကွယ် ယုံကြည် ခွင့် ၏ အခြေခံ ရေသောက်မြစ်ကို အသေးစိတ် ဖော်ပြထားသည်။ ယင်း အချက်များတွင် ယုံကြည်ကိုးကွယ်မှု နှင့် ပတ်သက် ပြီး ဝတ်ပြုကိုးကွယ်ခွင့် (သို့) စုဝေးခွင့် နှင့် အဆိုပါ ကိုးကွယ် စုဝေးမှုများအတွက် အသုံးပြုရန် နေရာများကို တည်ဆောက်ထားရှိပိုင်ခွင့် တို့ ပါဝင်သည်။

၃။ ကျာရ်တလန် တောင်ကုန်း ( ကာရာနီ တောင် ကုန်း ဟုလည်း ခေါ်ကြသည်) သည် ချင်းရိုးရာ အရ သန့်ရှင်းသည့် ဆုတောင်းရာတောင် ဖြစ်သည်။ လက်ရှိ လက်ဂါးကားတိုင်ကို ၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့တွင် စိုက်ထူခဲ့ခြင်းဖြစ်သည်။

၄။ ဂျေပီ ဗျက်သင်ဆန် နှင့်တီာလ်ကျဲမ်း တို့ သည် အံ့သြဖွယ် ကာရာနီ လူငယ် ဖွံ့ဖြိုးရေး မိဘမဲ့ဂေဟာ ကို အဆိုပါ လက်ဂါးကားတိုင် တည်ရှိရာတွင် ဆောက်လုပ်ရန် ခွင့်ပြုချက်ကို ဟားခါးမြို့ နယ် နှင့် ခရိုင် အာဏာပိုင်များထံမှ ရရှိခဲ့သည်။ သို့ရာတွင် ယင်းခွင့်ပြုမိန့်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ တွင် ပယ်ဖျက်ခဲ့သည်။

၅။ CHRO ၏ ၂၀၁၂ ခုနှစ် ထုတ် “Threats to Our Existence”: Persecution of Ethnic Chin Christians in Burma အစီရင်ခံစာတွင် ချင်းလူမျိုး ခရစ်ယာန်ဘာသာရေး အဖွဲ့အစည်းများ အတွက် တရားခွင့် ခွင့်ပြုမိန့် ရရှိရန် မည်မျှခက်ခဲကြောင်း မှတ်တမ်းတင် ဖော်ပြထားသည်။ ရှုပ်ထွေးသော ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်းများ နှင့်

ရက်ရှည်လများ နှောင့်နှေးမှုများ ကြောင့် တောင်းဆိုမှုများမှာ ငြင်းပယ် ခံထားရ ပြီး လျစ်လျူရှုထား ခံရသည်က များသည်။ ချင်းလူမျိုး ခရစ်ယာန် ဘာသာဝင် အတော်များများမှ ယင်း ကန့်သတ်ချက်များ လျော့နည်းစေရန် ခရစ်ယာန် အဖွဲ့အစည်း အနေဖြင့် မဟုတ်ဘဲ တစ်ဦးချင်းစီနာမည်ဖြင့် ခွင့်ပြုချက်များ တောင်းခံလေ့ရှိကြသည်။ သို့ရာတွင် ယင်းကဲ့သို့ သော အဆောက်အအုံများကို ဘာသာရေး အရ စုဝေးရန် အသုံးပြုသည်ဟု သံသယ ဖြစ်ပါက နောက်ပိုင်းတွင် ခွင့်ပြုချက် ရုတ်သိမ်းသည်များရှိတတ်သည်။ တရားဝင် ခွင့်ပြုမိန့် ရရှိပြီးသည့် အချိန်တွင်ပင် အချိန်မရွေး ပြန်လည် ရုတ်သိမ်းနိုင်သည့် အနေအထားရှိသည်။